# PRESS RELEASE

U.S. Embassy Rangoon

110 University Avenue, Kamayut Township, Rangoon, Burma

May 14, 2014

**New Application Procedures for Winners of the United States Diversity Visa 2015 Program**

The U.S. Embassy would like to convey the following information to Diversity Visa registrants who have been selected for the Diversity Visa 2015 (DV-2015) program. DV-2015 program selection results became available on May 1, and DV-2015 registrants may view their selection notification online at the Entrant Status Check (ESC) website, http://www.dvlottery.state.gov.

The U.S. Department of State, which oversees the Diversity Visa application process, will implement new electronic application procedures for those who have been selected for DV-2015. The new application form - the DS-260 Immigrant Visa and Alien Registration Application – must be completed online at http://ceac.state.gov/ceac and will allow for more efficient processing of DV-2015 program applications. Applicants for the DV-2015 program may no longer submit the paper application form previously used to apply for the Diversity Visa. The DS-260 application will be available on May 19. In order to log in to the online application system, DV-2015 applicants must provide the DV case number given in their selection notification and the principal applicant's date of birth.

Because the Diversity Visa program is still transitioning to the new online application form, DV-2015 applicants who have submitted the DS-260 application will be unable to check the status of their application online until their case is scheduled for an interview. The online Visa Status Check system will display an error message if a case has not been scheduled for an interview. However, this error message does not indicate there is a problem with the actual application. This check status functionality will be enabled in the coming year. DV-2015 applicants who wish to check their application status prior to their interview may contact the Kentucky Consular Center at KCCDV@state.gov.

The Diversity Visa program is a Congressionally-mandated program created to diversify the U.S. immigrant population. Each year, up to 50,000 visas are issued to applicants from countries with low rates of immigration to the United States. There is no cost to register for the Diversity Visa program. Those interested in learning about the Diversity Visa Program can visit http://burma.usembassy.gov/diversity_visas.html for more information.

###

# PRESS RELEASE

## U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

### အမေရိကန် DV 2015 အစီအစဉ်တွင် ရွေးချယ်ခံရသူများအတွက် လျှောက်လွှာသစ်ဖြည့်စွက်နည်း

အမေရိကန်သံရုံးမှ လူမျိုးစုံအခြေချနေထိုင်သူ ဗီဇာအစီအစဉ် DV 2015 တွင် ရွေးချယ်ခံရသည့် DV ကံစမ်းသူများထံသို့ အောက်ပါအချက်အလက်များကို သတင်းပါးအပ်ပါသည်။ DV 2015 အစီအစဉ်တွင် ကံစမ်းထားသည့်ရလဒ်ကို မေ ၁ ရက်မှစ၍ ဝက်ဘ်ဆိုက် http://www.dvlottery.state.gov ထဲရှိ "Entrant Status Check (ESC)" တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါပြီ။

DV 2015 အစီအစဉ်တွင် ရွေးချယ်ခံရသူများအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကို အမေရိကန် Department of State မှ ကိုင်တွယ်ကြီးကြပ်ပြီး အီလက်ထရောနစ်လျှောက်လွှာသစ် ဖြည့်စွက်သည့် စနစ်ကိုလည်း ၎င်းမှ အကောင်အထည်ဖော်ပါလိမ့်မည်။

အခြေစိုက်ဗီဇာလျှောက်လွှာသစ် DS-260 ကို http://ceac.state.gov/ceac ထဲဝင်ပြီးဖြည့်ခြင်းဖြင့် DV 2015 အစီအစဉ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ပါမည်။ ယခင် DV အစီအစဉ်တွင် ဖြည့်စွက်ရသည့် စာရွက်လျှောက်လွှာမှာ DV 2015 အစီအစဉ်တွင် ဖြည့်စွက်၍ မရတော့ပါ။ အခြေစိုက်ဗီဇာ လျှောက်လွှာသစ် DS-260 ကို မေ ၁၉ ရက်မှစတင်၍ online တွင်ဖြည့်စွက်နိုင်ပါပြီ။ DV 2015 အစီအစဉ်တွင် ရွေးချယ်ခံရသည့် DV ဖိုင်အမှတ် (DV case number) နှင့် အဓိကရွေးချယ်ခံရသူ၏မွေးသက္ကရာဇ်ကို ရိုက်ထည့်မှသာ အခြေစိုက် ဗီဇာလျှောက်လွှာသစ်ကိုဝင်၍ရပါသည်။

ရွေးချယ်ခံရသူများသည် DV အစီအစဉ်ကို လျှောက်လွှာအသစ်စနစ်သို့ပြောင်းလဲနေစဉ်အတွင်း လျှောက်လွှာသစ်ကို တင်ပြီးသော်လည်း မိမိ၏လျှောက်လွှာတိုးတက်မှုအခြေအနေကို အင်တာဗျူးရက်ချိန်းထွက်သည့်တိုင်အောင် ကြည့်ရှုနိုင်မည်မဟုတ်ပါ။ ဤကြားကာလတွင် အင်တာနက်ထဲမှ "Status Check" ထဲသို့ဝင် ကြည့်ပါက အချက်အလက်များနေသည်ဟုသာ ပြပါလိမ့်မည်။ သို့သော် ဤအချက်မှာ ဗီဇာလျှောက်လွှာတွင် ပြဿနာရှိသည်ဟု မရည်ညွှန်းပါ။ အဆိုပါ "Status Check" မှာ လာမည့်နှစ်တွင် မှန်မှန်ကန်ကန် အလုပ်လုပ်ပါလိမ့်မည်။ DV 2015 အစီအစဉ်၌ ရွေးချယ်ခံရသူများသည် မိမိ၏လျှောက်လွှာတိုးတက်မှု အခြေအနေကို အင်တာဗျူးရက်ချိန်းမထွက်မီအချိန်၌ သိလိုပါက Kentucky ကောင်စစ်ဌာန KCCDV@state.gov သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်ကပြဋ္ဌာန်းခွင့်ပြုသော DV အစီအစဉ်တွင် အခြေစိုက်နေထိုင်သူများ လူမျိုးစုံပါဝင်နိုင်စေရန် ဖန်တီးပေးထားသည်။ အမေရိကန်ပြည်ထောင်စုသို့ ပြည်ဝင်မှုနည်းပါးသော နိုင်ငံများရှိ လူပုဂ္ဂိုလ်များအား နှစ်စဉ်နှစ်တိုင်း ဦးရေ ၅၀,၀၀၀ အထိ ဗီဇာများပေးလျက်ရှိပါသည်။ DV အစီအစဉ်တွင် ကံစမ်းရန်အတွက် အခကြေးငွေပေးရန်မလိုပါ။ DV အစီအစဉ်နှင့်ပတ်သက်ပြီး စိတ်ဝင်စားပါက http://burma.usembassy.gov/diversity_visas.html တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

###